# N5 Basic Grammar & Practice
# စာအုပ်ကို လေ့လာပုံလေ့လာနည်း

## သည်စာဖတ်ပြီးမှ လေ့လာပါ။

သည်စာအုပ်ဟာ အခြေခံအားဖြင့် Tense (ကာလ) များကို မှန်ကန်စွာပြောင်းလဲတတ်ဖို့နှင့် အခြေခံ Form များကို အမှားအယွင်းမရှိအသုံးပြုနိုင်စေဖို့အတွက် ရည်ရွယ်ပြီးထုတ်ဝေခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျောင်းသူကျောင်းသားများအနေနဲ့ လေ့လာရာမှာ အဆင်ပြေချောမွေ့စေဖို့ သည်စာအုပ်ကို ဘယ်လိုလေ့လာရမလဲဆိုတာ တစ်ဆင့်ချင်း ပြောပြပေးသွားမှာဖြစ်ပါတယ်။

(၁) သည်စာအုပ်ထဲမှာ N5 Level အတွက် သိထားသင့်တဲ့စကားလုံးများကို စုစည်းဖော်ပြပေးထားတဲ့ Noun (နာမ်) , Verb (ကြိယာ) , Adjective (နာမဝိသေသန) (i Adj, Na Adj) များကို အုပ်စုခွဲ၍ ဂျပန်အက္ခရာအတိုင်း စကားလုံးပေါင်း ၁၃၀၀ ကျော်ကို အစဉ်လိုက်စီပေးထားပါတယ်။ ပထမဦးဆုံး အဲဒီစာလုံးများကို ဖတ်ကြည့်ပြီး လေ့လာမှတ်သားပါ။

(၂) စကားလုံးပေါင်း ၁၃၀၀ ကျော်ကိုစုစည်းဖော်ပြထားတဲ့သည်စာအုပ်ထဲမှာ အတန်းကြီးလာတဲ့အခါ ဆက်လက်သင်ယူကြရမယ့် ခန်းဂျိစကားလုံးများကိုပါ မြင်ဖူးကြရလေအောင် ထည့်သွင်းပေးထားတာဖြစ်လို့ စကားလုံးများကို ကျက်မှတ်လေ့လာရင်းခန်းဂျိများကိုပါ တလက်စတည်းကြည့်ရှုလေးပဲ ကြည့်သွားမယ်ဆိုရင်တောင် နောင်တချိန်ကိုယ်အမှန်တကယ်သင်ယူရတဲ့အချိန်မှာ အလွယ်တကူ မှတ်မိစေနိုင်မှာဖြစ်ပါတယ်။

(၃) ဂျပန်လို အခေါ်အဝေါ်များကို ရှင်းပြပေးချင်ပါတယ်။
* Noun (နာမ်) ကို ဂျပန်လို 名詞（めいし）လို့ခေါ်ပါတယ်။
* Verb (ကြိယာ) ကို ဂျပန်လို 動詞（どうし）လို့ခေါ်ပါတယ်။
* Adjective (နာမဝိသေသန) ကို ဂျပန်လို 形容詞（けいようし）လို့ ခေါ်ပါတယ်။
* Adjective မှာ ဂျပန်လို い形容詞（けいようし）နှင့် な形容詞（けいようし）ဆိုပြီး နှစ်မျိုး ခွဲခြားထားပါတယ်။
* Adverb (ကြိယာဝိသေသန) ကို ဂျပန်လို 副詞（ふくし）လို့ခေါ်ပါတယ်။
* Conjunction (စကားဆက်) ကို ဂျပန်လို 接続詞（せつぞくし）လို့ခေါ်ပါတယ်။

သည် အုပ်စုကြီး (၅) စုဟာ ဂျပန်စာလေ့လာသူ ကျောင်းသားကျောင်းသူများအနေနဲ့ Level တိုင်းမှာ မဖြစ်မနေ လေ့လာကြရမယ့် စကားလုံးများပဲဖြစ်ကြပါတယ်။ ဒါကြောင့် ကျောင်းသူကျောင်းသားများအနေနဲ့ Level အသစ်တစ်ခုကို တက်သွားတိုင်းမှာ အနည်းဆုံးတော့ သည်အုပ်စု (၅) စု ကို အခြေခံအားဖြင့် တဆင့်ထက်တဆင့် ပိုမိုများပြားစွာ လေ့လာသွားကြရမှာကို သိရှိထားကြဖို့ လိုအပ်ပါတယ်။

(၄) စကားလုံးများကို သိရှိပြီဆိုရင် ပထမအဆင့် Verb Group များကို မှန်ကန်စွာခွဲခြားပြီး လေ့လာမှတ်သားထားကြဖို့လိုအပ်ပါတယ်။ ဂျပန်စာမှာ Verb ကို Group 1, Group 2, Group 3 ဆိုပြီး အုပ်စုများခွဲထားပါတယ်။ အဲဒီအုပ်စုခွဲမှုကို သိရှိနားလည်ထားပါမှ Masu Form ပြောင်းလဲရာမှာ အမှားအယွင်းမရှိ ပြောင်းလဲနိုင်ကြမှာ ဖြစ်ပါတယ်။ သည်နေရာမှာ Special Verb လို့ခေါ်တဲ့ ခြွင်းချက် စကားလုံးများကိုလည်း သေချာစွာမှတ်သားကြရမှာ ဖြစ်ပါတယ်။ Special verb များစွာ ရှိပေမယ့် N5 Level အတွက် သိထားသင့်တာနှင့် အသုံးများတာ လေးလောက်ကိုပဲ သည်စာအုပ်ထဲမှာ သင်ပေးထားပါတယ်။

(၅) ます形（ますけい）ပြောင်းတတ်ပြီဆိုရင် ます形（ますけい）ကို အခြေခံပြီး အဟုတ်ဝါကျ၊ မေးခွန်းဝါကျ၊ အငြင်းဝါကျ၊ အငြင်းမေးခွန်းဝါကျ၊ အတိတ်ကာလပြဝါကျ၊ အတိတ်ကာလပြ မေးခွန်းဝါကျ၊ အတိတ်ကာလပြအငြင်း၊ အတိတ်ကာလပြအငြင်းမေးခွန်း ဝါကျစတဲ့ ဝါကျ (၈) မျိုးကို မှန်ကန်စွာ ပြောဆိုရေးသား၊ မှတ်သားနိုင်ကြဖို့နှင့် て形（てけい）, た形（たけい）, ない形（ないけい）, 可能形（かのうけい）စတာတွေကို တစ်ခုချင်း Form များပြောင်းပုံ ပြောင်းနည်းကို စနစ်တကျ ရှင်းပြပေးထားတာဖြစ်လို့ သေချာစွာ လေ့လာမှတ်သားပါ။ ဒ့ါအပြင် စကားလုံးတစ်လုံးချင်းစီတိုင်းကိုပါ မှန်မှန်ကန်ကန်ပြောင်းလဲနိုင်ဖို့အတွက် ဖော်ပြပေးထားတာဖြစ်လို့ မိမိကိုယ်တိုင်လေ့ကျင့်ကြည့်ပြီး အမှားအမှန်ကိုလည်း သည်စာအုပ်ထဲမှာ ပြန်လည်တိုက်စစ်ပြီး လေ့လာနိုင်မှာဖြစ်ပါတယ်။

(၆) N5 သည် ဂျပန်စာရဲ့ အခြေခံ Level ဖြစ်လို့ စတင်လေ့လာကတည်းက ကလေးတစ်ယောက် စကားလုံးတွေကို စလေ့လာသလိုဖြစ်တဲ့အတွက် သည်နေရာမှာ အရေးကြီးတာက ယဉ်ကျေး စကားလုံးများ၊ အသုံးအနှုန်းများနှင့် သာမန် အသုံးအနှုန်းများကို သေချာစွာလေ့လာမှတ်သားထား ကြဖို့လိုအပ်ပါတယ်။

ဒါကြောင့် သည်စာအုပ်ထဲမှာရေးသားဖော်ပြပေးထားတဲ့ စကားလုံးတွေထဲမှာ ဘယ်လိုသုံးနှုန်းရင် ယဉ်ကျေးတယ်။ ဘယ်လိုသုံးနှုန်းရင် သာမန်ဆိုတာကို စနစ်တကျ မှတ်သားထား ကြစေချင်ပါတယ်။ နောက်ပိုင်း ဂျပန်စကားပြောရာမှာ အင်မတန်မှ အသုံးဝင်စေမှာဖြစ်ပါတယ်။

(၇) သည်စာအုပ်ထဲမှာ ယဉ်ကျေးအသုံးအနှုန်း 丁寧形（ていねいけい）နှင့် သာမန် အသုံးအနှုန်း 普通形（ふつうけい）Plain Form ပုံစံများကို စာအုပ်ရဲ့ နောက်ဆုံးမှာ စုစည်းဖော်ပြပေးထား တာဖြစ်လို့ အဲဒီအနှစ်ချုပ်များကို သေချာစွာ လေ့လာမှတ်သားကြဖို့ လိုအပ်ပါတယ်။

အချုပ်အားဖြင့်ပြောရမယ်ဆိုရင် သည် N5 Basic Grammar & Practice စာအုပ်ဟာ ဂျပန်စာ အခြေခံ N5 Level ကို သင်ယူလေ့လာနေကြသူများအတွက် အခြေခံ မဖြစ်မနေ သိထားကြရမယ့် Form များနှင့် စကားလုံးများအားလုံးကို တစုတစည်းတည်း သည်တစ်အုပ်ထဲနှင့် အပြည့်စုံဆုံး လေ့လာနိုင်ကြစေဖို့ အချိန်တစ်နှစ်ခွဲခန့်ယူပြီး ပြုစုရေးသား ပြင်ဆင်ခဲ့တာဖြစ်တဲ့အပြင် ဂျပန်စာသင်ကြားမှုအတွေ့အကြုံပြည့်ဝတဲ့ ဂျပန်ဆရာရဲ့ စစ်ဆေးအတည်ပြုမှုနှင့် ထုတ်ဝေခဲ့တာဖြစ်လို့ ကျောင်းသူကျောင်းသားများအတွက် အင်မတန်မှ အထောက်အကူဖြစ်စေမယ့် စာအုပ်ဖြစ်ပါတယ်။ ဒါကြောင့်သေသေချာချာကြိုးစားလေ့လာကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

ဂျပန်စာတော်၍ထူးချွန်သူများဖြစ်ကြပါစေ ....။

**Mioka Ei Ei Chaw**
**(TIME STUDY JLEC)**



# CONTENTS


| | | Page |
|---|---|---|
| 1. | N5 Hiragana (Noun) နှင့် အခြားစကားလုံးများ | 1 |
| 2. | N5 Katakna (Noun) စကားလုံးများ | 20 |
| 3. | N5 Verb စကားလုံးများ | 27 |
| 4. | Hiragana ဇယား | 35 |
| 5. | ます Form ပြောင်းလဲနည်း | 36 |
| 6. | ます Form ဝါကျပုံစံ (၈) မျိုး | 37 |
| 7. | N5 Verb Polite Form ဝါကျပုံစံ (၈) မျိုးပြောင်းလဲခြင်း (Group 1) | 38 |
| 8. | N5 Verb Polite Form ဝါကျပုံစံ (၈) မျိုးပြောင်းလဲခြင်း (Group 2) | 70 |
| 9. | N5 Verb Polite Form ဝါကျပုံစံ (၈) မျိုးပြောင်းလဲခြင်း (Group 3) | 88 |
| 10. | て Form ပြောင်းလဲနည်း | 103 |
| 11. | た Form ပြောင်းလဲနည်း | 104 |
| 12. | N5 Verb て Form & た Form ပုံစံ ပြောင်းလဲခြင်း (Group 1) | 105 |
| 13. | N5 Verb て Form & た Form ပုံစံ ပြောင်းလဲခြင်း (Group 2) | 124 |
| 14. | N5 Verb て Form & た Form ပုံစံ ပြောင်းလဲခြင်း (Group 3) | 135 |
| 15. | ない Form ပြောင်းလဲနည်း | 143 |
| 16. | ~たい ပုံစံ ပြောင်းလဲနည်း | 144 |
| 17. | ない Form နှင့် ~ たい ပုံစံ၏ အငြင်းပုံစံများ | 145 |
| 18. | N5 Verb ない Form & ~たい ပုံစံ ပြောင်းလဲခြင်း (Group 1) | 146 |
| 19. | N5 Verb ない Form & ~たい ပုံစံ ပြောင်းလဲခြင်း (Group 2) | 166 |
| 20. | N5 Verb ない Form & ~たい ပုံစံ ပြောင်းလဲခြင်း (Group 3) | 177 |
| 21. | 可能形 (かのう Form) ပြောင်းလဲနည်း | 185 |
| 22. | N5 Verb かのう Form ပုံစံ ပြောင်းလဲခြင်း (Group 1) | 186 |
| 23. | N5 Verb かのう Form ပုံစံ ပြောင်းလဲခြင်း (Group 2) | 192 |
| 24. | N5 Verb かのう Form ပုံစံ ပြောင်းလဲခြင်း (Group 3) | 195 |
| 25. | N5 i Adjective စကားလုံးများ | 198 |
| 26. | N5 Na Adjective စကားလုံးများ | 201 |
| 27. | Verb, Adjective, Noun တို့၏ ယဉ်ကျေးပုံစံ အနှစ်ချုပ် (Polite Form) | 203 |
| 28. | Verb, Adjective, Noun တို့၏ သာမန်ပုံစံ အနှစ်ချုပ် (Plain Form) | 205 |
| 29. | အခြားစကားလုံးများ | 207 |